# မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာ



Photo Credit: Min and Aung Facebook

## ၂၀၁၃ ခုနှစ် ဇန်နဝါရီ – ဇွန်


နိဒါန်း – ၂

**ND Burma** အဖွဲ့ဝင်များ၏ အစီရင်ခံစာများ – ၄

အချက်အလက်ကောက်ယူသည့် နည်းလမ်း – ၅

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်မှ ကောက်ယူရရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ – ၆

ဖြစ်ရပ်မှန် ပုံစံများ – ၉

နိဂုံး – ၁၀



Network for Human Right Documentation - Burma

# နိဒါန်း

၂၀၁၃ ခုနှစ် ဇန်နဂါရီလမှ ဖွန်လအထိ (၆) လတာကာလအတွင်း မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှု ၁၄၇ ခုကို လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) မှ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ အဆိုပါ ချိုးဖောက်မှုများကို လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားနေသည့် ဒေသများနှင့် အပစ်အခတ်ရပ်စဲရေးဒေသများတွင်ပါ တွေ့ရှိရသည်။ ချိုးဖောက်မှု တခုချင်းစီ သည် တိကျသည့် အဖြစ်အပျက်များဖြစ်သော်လည်း၊ သတ်ဖြတ်ခြင်းခံရသည့် သူတဦးမှ စ၍ အတင်းအဓမ္မစေခိုင်းခံရသူ အများ အပြားနှင့် အတင်းအဓမ္မရွှေ့ပြောင်းခံရသည့် ကျေးရွာရှိ ရွာသားများ အပါအဝင် ကျူးလွန်ခံရသူ အများအပြား ရှိနိုင်သည်။ ND-Burma ၏ တွေ့ရှိချက်များက ပြသနေသည်မှာ အစိုးရအနေဖြင့် လက်နက်ကိုင်အင်အားစုများနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီ ချက်များရရှိသည်အထိ တိုးတက်မှုများရှိနေသော်ငြားလည်း မြန်မာပြည်သူများအား လူ့အခွင့်အ ရေးအရ အကာအကွယ်ပေးနိုင်မှု မဆိုသလောက်သာ ရှိသည်ဟူသည့် အချက်ဖြစ်သည်။ ထို့အပြင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအား ဆက်လက် ဖမ်းဆီးနေမှုက အစိုးရအနေဖြင့် လူထုအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူ့အခွင့်အရေးကိစ္စများအတွက် အကာအကွယ်ပေးရန် အလေးအနက်မထားသည်ကို ပြသနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်စ၍ အစိုးရအနေဖြင့် လက်နက်ကိုင်အဖွဲ့အစည်း ၁၆ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူ ချက်များရရှိစေရန် ကြိုးပမ်းညှိနှိုင်းဆောင်ရွက်လျှက်ရှိသည်။ သို့သော်လည်း အဖွဲ့အစည်း ၁၄ ဖွဲ့နှင့်သာ တဖွဲ့ချင်းအလိုက် ပဏာမအ ဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ် ရေးထိုးနိုင်သေးပြီး၊ အစိုးရတပ်များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူချက် မရသေး သည့် အဖွဲ့ ၂ဖွဲ့နှင့်ရော၊ သဘောတူချက်ရထားသည့် အဖွဲ့များနှင့်ပါ တိုက်ပွဲများ ဆက်လက် ဖြစ်ပွားလျှက်ရှိသည်။

အပစ်အခတ်ရပ်စဲရေး ရရှိထားသည့်ဒေသများတွင် ရင်းနှီးမြှုပ်နှံမှုများနှင့် သဘာဝသယံဇာတများ ထုတ်လုပ်သည့် စီမံချက် များ တိုးပွားလာခြင်းနှင့်အတူ လယ်ယာမြေသိမ်းဆည်းခြင်း၊ အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်းနှင့် အတင်းအဓမ္မ ခိုင်းစေခံရခြင်း စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ် ပေါ်နေသကဲ့သို့၊ အဆိုပါ လုပ်ငန်းစီမံချက်များကို ဆန့်ကျင်လျှက်ရှိသည့် ဒေသခံပြည်သူများ နှင့် လှုပ်ရှားတက်ကြွတက်သူများကိုလည်း ဖိနှိပ်မှုများရှိနေသည်။ အပစ်အခတ်ရပ်စဲရေးဒေသများတွင် စစ်တပ်များရှိနေခြင်းနှင့်အတူ ဆက်စပ်နေသည့် ချိုးဖောက်မှုများလည်း ရှိနေသည်။

စစ်ပွဲများဖြစ်ပေါ်နေသည့်ဒေသများတွင် ဒေသခံပြည်သူများအနေဖြင့် ညှင်းပန်းနှိပ်စက်ခံရခြင်း၊ တ ရားမဲ့ ဖမ်းဆီးခံရခြင်း နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုစသည့် လက်နက်ကိုင် ပဋိပက္ခ အတွင်း ဖြစ်ပွားလေ့ရှိသည့် ကျူးလွန်မှုများကို ချိုးဖောက်ခံနေရသည်။ သာဓကအားဖြင့် ကချင်လယ်သမား တဦးဖြစ်သည့် လထော်ဘရန်ရှောင် ကို KIO နှင့် ဆက်သွယ်မှုရှိသည်ဟုဆိုကာ မတရားအသင်း ဆက်သွယ်မှု ဥပဒေပုဒ်မ ၁၇/၁ ဖြင့် ၂၀၁၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ လထော် ဘရန်ရှောင်အား တရားရုံးတင်စဉ်က သူနှင့် သူ့ရှေ့နေက လထော်ဘရန်ရှောင်အား ဖမ်းဆီး စစ် ဆေးစဉ်က တာဝန်ရှိသူများအနေဖြင့် ရက်ရက်စက်စက် နှိပ်စက်ညှင်းပန်းခဲ့သည်ဟု တရားရုံးတွင် တင်ပြလျှောက်လဲခဲ့သည်။ ညှင်းပန်းနှိပ်စက်မှုကို မခံနိုင်သည့်အဆုံး KIO နှင့် ပတ်သက်သည်ဟု အတင်းအကြပ် ဝန်ခံခဲ့ရပြီးနောက် သူ့အား ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ထောင်ဒဏ် ၂ နှစ်ချမှတ်ခဲ့ သည်။ သို့သော်လည်း တပတ်အကြာတွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွတ်လာသည်။ ပြန်လွတ် လာပြီးပြီးချင်းမှာပင် လထော်ဘရန်ရှောင် က သူ့အား ညှင်းပန်းနှိပ်စက်ခဲ့ပုံများကို သတင်းဌာနများ သို့ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ အကူးအပြောင်းကာလအတွင်း လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်း လုပ်ငန်းသည် အတိမ်းအစောင်းမခံ နိုင်လောက်အောင် အရေးကြီးလှသည်။ ယခုအစီရင်ခံစာတွင် ပါရှိသည့် သတင်းအချက်အလက်များကို စုဆောင်းမှတ်တမ်းတင်နေ သည့် ကာလမှာပင် လှုပ်ရှားတက်ကြွသူများ၊ ပညာရှင်များ၊ နိုင်ငံရေးသမားများနှင့် စာနယ်ဇင်းသမားများက ဆယ်စုနှစ်ကာလများအ တွင်း အတင်း အကြပ် ရေငုံနှုတ်ပိတ် ခံရပြီးနောက် အတိတ်ကာလ ချိုးဖောက်မှုများနှင့် ပတ်သက်ပြီး မည်သို့ ကိုင်တွယ်ဆောင်ရွက် သင့်သည်ကို စတင်ပြောဆိုလာကြသည်။

၂၅ နှစ်တာကာလအတွင်း မြန်မာကွန်ဗင်းရှင်းစင်တာတွင် ပထမဆုံးအကြိမ်အဖြစ် ရှစ်လေးလုံးငွေ ရတုအထိမ်းအမှတ် အခမ်းအနားကို ကျင်းပနိုင်ခဲ့ပြီး တက်ရောက်သူ ထောင်နှင့်ချီ၍ရှိခဲ့သည်။ ငွေရ တုအခမ်းအနားတွင် အရေးကြီးသည့် အကြောင်းအရာ များဖြစ်သော လူ့အခွင့်အရေး၊ ဒီမိုကရေစီ နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အစရှိသဖြင့် ဆွေးနွေးပွဲများပါဝင်သည်။ အဆို ပါ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးသူများက အတိတ်ကာလချိုးဖောက်မှုများနှင့် ပတ်သက်ပြီး မည်သို့ ကိုင်တွယ်ဆောင်ရွက် သင့်သနည်းနှင့် အသိအမှတ်ပြုခြင်း၊ ဝန်ချတောင်းပန်ခြင်းနှင့် ခွင့်လွှတ်ခြင်း စ သည့် ကိစ္စများကို စတင်ထုတ်ဖော်ပြောဆိုလာကြသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်မှလည်း အတိတ်ဖြစ်ရပ်များနှင့် ပတ်သက်ပြီး " ကျွန်မတို့အနေနဲ့ အတိတ်က အဖြစ်အပျက်တွေကို မမေ့ဖျောက်ဖို့နဲ့ သမိုင်းကနေ သင်ခန်းစာယူဖို့ လိုတယ်" ဟု မှတ်ချက်ပြုပြောဆိုခဲ့သည်။

---

၁။ ND-Burma အနေဖြင့် မြန်မာပြည်အလယ်ပိုင်းဒေသရှိ လူ့အခွင့်အရေးအခြေအနေကို မှတ်တမ်းတင်နိုင်ခြင်း မရှိပါ။ သို့သော်လည်း သတင်းဌာများမှ သတင်းများအရ လွတ်လပ်စွာစုဝေးခွင့်အပါအဝင် ချိုးဖောက်မှုများက မြန်မာပြည်အ လယ်ပိုင်းတွင်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိမနေသည် မဟုတ်ကြောင်းကို ပြသနေသည်။

အတိတ် ကာလနှင့် ပတ်သက်ပြီး မည်သို့ကြိုးပမ်းကိုင်တွယ်မှုမျိုးမဆို သက်ဆိုင်ရာ ချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်းသည် အရေးပါအ ရာရောက်လိမ့်မည်ဖြစ်သည်။

အတိတ်ကာလဖြစ်ရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးငြင်းခုန်သံများ ကျယ်လောင်လာခြင်းနှင့် နိုင်ငံ ရေး အကျဉ်းသားများကို အလျဉ်းသင့်သလို လွှတ်ပေးနေသော်လည်း၊ လက်ရှိအခြေအနေနှင့် အတိတ်ကာလ ချိုးဖောက်မှုများနှင့် ပတ်သက်ပြီး ထုတ်ဖော်ပြော ဆိုသူများ အနေဖြင့် အာဏာပိုင် တို့ ၏ နှောင့်ယှက်မှုများ ဖမ်းဆီးမှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ ND-Burma အဖွဲ့ဝင် ဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ တက်ကြွလှုပ်ရှားသူ ၁၀၀ ကျော်သည် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်မှုကြောင့် ဖမ်းဆီးခံရပြီး၊ နိုင်ငံရေး အကျဉ်း သားဦးရေမှာ လျော့နည်းသွားခြင်းမရှိဟု သိရသည်။

၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် သောမတ်စ်ကန်တားနား (Tomás Ojea Quintana)က လွတ်လပ်စွာ ထုတ်ဖော်၊ ပြောဆိုခွင့်အပေါ် ကန့်သတ်မှုများနှင့် တက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးနေခြင်းအပေါ် စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ သာဓကအားဖြင့် ကချင်အမျိုးသမီး တက်ကြွလှုပ်ရှားသူနှင့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) ဝင် ဒေါ်ဘောက်ဂျာအား လူသေစေမှု ပုဒ်မ ၃၀၄ (က)၊ မှတ်ပုံတင်မရှိဘဲ ဆေးပစ္စည်းများ ကိုင်ဆောင်မှု ဆေးကောင်စီ အက်ဥပဒေ ပုဒ်မ ၄၁၊ လိုင်စင်မရှိဘဲ ဆေးဝါးများ ကိုင်ဆောင်မှု ပုဒ်မ ၃၃ တို့ ဖြင့် ကချင်ပြည်နယ်၊ မြစ် ကြီးနား ရဲတပ်ဖွဲ့က ဇူလိုင်လတွင် ဖမ်းဆီးခဲ့သည်။ ဒေါ်ဘောက်ဂျာအနေဖြင့် လွန်ခဲ့သည့် တနှစ် ကျော်က ကျန်းမာရေးစောင့်ရှောက်မှုမရရှိသည့် ကျေးရွာမှ ရွာသားတဦးအား ဆေးကုသပေးဖူးသ ဖြင့် ယခုလို ဖမ်းဆီးခံရခြင်းဖြစ်သည်။ သူမနှင့် သူမအားထောက်ခံသူများက ယခုကဲ့သို့ ဖမ်းဆီးခြင်းသည် နိုင်ငံရေးအရနှင့် သူမအနေဖြင့် လယ်ယာမြေသိမ်းဆည်းမှုများအား ဆန့်ကျင်သည့်အ တွက်ဖြစ်သည်ဟု ယူဆကြသည်။ နောက်ထပ် သာဓကတခုမှာ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ နော်အုန်းလှအား လက်ပန်းတောင်း ကြေးနီစီမံကိန်းအား ကန့်ကွက်ဆန္ဒပြမှုဖြင့် ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့သည်။ တခြားစွဲချက်တခုအားလည်း ရင်ဆိုင်လျှက်ရှိပြီး ဆုံးဖြတ်ချက်ချမှတ်ပါက ထောင်ဒဏ် ထပ်တိုးသွားဖွယ်ရှိနေသည်။

နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးနေသော်လည်း၊ ၎င်းတို့မှာလည်း ကန့်သတ်ချက်များနှင့် ရင်ဆိုင် ကြုံတွေ့နေရသည်။ အစိုးရအနေဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၄၀၁ (၁) ကို နိုင်ငံရေး အကျဉ်းသားဟောင်းများအပေါ် ချမှတ်ပြ ဌာန်း၍ ၎င်းတို့အပေါ် ချုပ်ကိုင်နိုင်ရန် ကျင့်သုံးလျှက်ရှိသည်။ အကယ်၍ နိုင်ငံရေးအကျဉ်းသားဟောင်း တဦးဦးက ခွင့်ပြုချက်မရှိဘဲ၊ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခြင်း သို့မဟုတ် တရားမဝင်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း စသည်တို့ကို ချိုးဖောက်ပါက အဆိုပါပြစ်မှုများအတွက် ထောင်ဒဏ်အပြင်၊ ယခင်က အကြွေးကျန်နေသည့် ထောင် ဒဏ်အဟောင်းပါ ချမှတ်ခံရမည်ဖြစ်သည်။

ဇူလိုင်လ၂၇ရက်နေ့က ပြည်သူ့လွှတ်တော်ပြည်သူ့ရေးရာကော်မတီက ရေးဆွဲထားသော အသင်းအဖွဲ့များဆိုင်ရာ ဥပဒေ ကြမ်းကို လွှတ်တော်များတွင်ဆွေးနွေး အတည်မပြုမီ ပြည်သူအများလေ့လာအကြံပြုနိုင်ရန်အတွက် ထည့်သွင်းဖော်ပြခဲ့ပါသည်။ အဆိုပါ ဥပဒေမူကြမ်းအနေဖြင့် ဖြစ်သင့်သည်မှာ လူထုအခြေပြုအဖွဲ့အ စည်းများ၏ အခွင့်အရေးကို ကာကွယ်ပေးပြီး၊ ပြည်သူလူထု အနေဖြင့်လည်း လူ့အခွင့်အရေးချိုး ဖောက်မှုများကို မှတ်တမ်းတင်ခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းကို နှောင့်ယှက်ခြင်း၊ စွက်ဖက်ခြင်း မရှိ စေဘဲ လုပ်ဆောင်နိုင်စေရန် ခွင့်ပြုရမည်ဖြစ်သည်။ သို့သော်လည်း လူထုအခြေပြုအဖွဲ့အစည်းများ က အဆိုပါ ဥပဒေမူကြမ်းကို ကျယ်ကျယ်လောင်လောင် ကန့်ကွက်ဆန့်ကျင်လျှက်ရှိသည်။ အဆိုပါ အဖွဲ့အစည်းများက ဥပဒေမူကြမ်းသည် လွတ်လပ်စွာ အသင်း အပင်း၊ ဖွဲ့စည်းခွင့်နှင့် ပတ်သက်ပြီး နိုင်ငံတကာ စံချိန်၊ စံညွှန်းများနှင့် ကိုက်ညီခြင်းမရှိခြင်းနှင့် အစိုးရအနေဖြင့် လူထုအခြေပြုအဖွဲ့အ စည်းများ၏ လုပ်ပိုင်ခွင့်များအပေါ် စွက်ဖက်ပိုင်ခွင့်များ ပေးထားသည်ဟု ထောက်ပြကြသည်။ အဖွဲ့ အစည်းများအနေဖြင့် အဆိုပါ ဥပဒေအရ မှတ်ပုံတင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရမည်။ သို့မ ဟုတ်ပါက ရာဇဝတ်ကြောင်းအရ အပြစ်ပေးခံရခြင်းနှင့် လုပ် ငန်းဆောင်ရွက်မှုများ ရပ်သိမ်းခံရမည် ဟု ပြဌာန်းထားသည်။ အဆိုပါအချက်များသည် အပြည်ပြည်ဆိုင်ရာ စံချိန်၊ စံညွှန်းတခုဖြစ်သည့် ဆန္ဒအလျောက် မှတ်ပုံတင်ခြင်းဆိုသည့် အချက်ကို ဆန့်ကျင်နေသည်။ ဤဥပဒေမူကြမ်းသည် လူ့ အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရန် လုပ်ဆောင်နေသည့် အဖွဲ့အစည်းမျိုးအပေါ် ပိုမို တင်းကြပ် တားဆီးမှုမျိုးဖြစ်စေသည်။

# ND Burma အဖွဲ့ဝင်အဖွဲ့အစည်းများ၏အစီရင်ခံစာများ

ND-Burma အဖွဲ့ဝင်များအနေဖြင့် သီးသန့်အကြောင်းအရာအပေါ်အခြေခံသည့် အစီရင်ခံစာများ၊ ပထဝီနယ်မြေအပေါ် အခြေခံပြီး အခါအားလျော်စွာ ထုတ်ပြန်သည့် အစီရင်ခံစားများအပါအဝင် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေနှင့် သက်ဆိုင်သည့် ဖြစ်ပေါ်တိုးတက်မှု အစီရင်ခံစာများ၊ ထုတ် ပြန်ချက်များကို မကြာခန ထုတ်ဝေလျှက်ရှိသည်။ အဖွဲ့ဝင်များ၏ အစီရင်ခံစာများက ချိုးဖောက်မှု များသည် လူတဦးချင်းစီနှင့် လူ့အသိုင်းအဝန်းအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို အသေးစိတ် ဖော်ပြလေ့ရှိသည်။ ယခုအစီရင်ခံစာပြုစုနေသည့်ကာလအတွင်း အဖွဲ့ဝင်များမှထုတ်ဝေသည့် အစီရင်ခံစာအချို့အား အောက်ပါအတိုင်း တွေ့မြင်နိုင်ပါသည်။ အဆိုပါ အစီရင်ခံစာများသည် ND-Buram မှ တွေ့ရှိချက်များဖြစ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် စစ်မက်ဖြစ်ပွားရာနှင့် အပစ်အခတ်ရပ်စဲရေး ဒေသများတွင် ဆက်လက်ဖြစ်ပေါ်နေခြင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများရှိ ချိုးဖောက်မှုများနှင့် နိုင်ငံရေးလှုပ်ရှားမှု များကြောင့် မကြာသေးခင် ဖမ်းဆီးထိန်းသိမ်းခံရမှုများ အပေါ် အထောက်အကူပြုလျှက်ရှိသည်။

## *နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) (AAPP)*

AAPP အနေဖြင့် ဇူလိုင်လ ၂၃ ရက်နေ့က နိုင်ငံရေးအကျဉ်းသား ၇၃ ဦး လွတ်မြောက်လာခြင်း နှင့် ပတ်သက်ပြီး ကြိုဆိုကြောင်း၊ သို့သော်လည်း မကြာမီက နိုင်ငံရေးအရ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းမှု များ ပိုမို များပြားလာသည့်အပေါ် စိုးရိမ်ကြောင်း ထုတ်ပြန်ခဲ့သည်။ AAPP အနေဖြင့် ဖွန်လအတွင်း ထုတ်ပြန်ချက်တရပ်ထုတ်ပြန်ခဲ့ရာ၊ သမ္မတ ဦးသိန်းစိန်မှ နိုင်ငံရေးအကျဉ်းသား အားလုံး လွှတ်ပေး မည်ဟု လူသိရှင်ကြား ပြောဆိုမှုအပေါ် ကြိုဆိုကြောင်း၊ သမ္မတအနေဖြင့် ပြောထားသည့်အတိုင်း လက်တွေ့ဆောင်ရွက်ရန်၊ နိုင်ငံရေးအကျဉ်းသားများအား ခြွင်းချက်ဖြင့် လွှတ်ပေးနေသည့်အတွက် ခြွင်းချက်များကို ရုပ်သိမ်းပေးရန်နှင့် လက်ကျန်နိုင်ငံရေးအကျဉ်းသား စိစစ်ရေးကော်မတီအနေဖြင့် မကြာသေးမီက ဖမ်းဆီးထိန်းသိမ်းထားခံထားရသူများ၊ တရားစွဲခံရသူများနှင့် ပတ်သက်ပြီး လုပ်ပိုင်ခွင့်ပေးရန်တို့ကို တောင်းဆိုထားသည်။

*ပိုမိုသိရှိလိုပါက*။ http://bit.ly/18aeHqS နှင့် http://bit.ly/1eJ0WBQ တွင်ကြည့်ပါ။

## *ကချင်အမျိုးသမီးအစည်းအရုံး-ထိုင်းနိုင်ငံ (KWAT)*

KWAT အနေဖြင့် အစိုးရစစ်တပ်က ၂၀၁၂ စက်တင်ဘာလမှ ၂၀၁၃ ဖေဖော်ဝါရီလအထိ အရပ်သားများအပေါ် ဦးတည် တိုက်ခိုက်၊ ကျူးလွန်မှုများအကြောင်း *ကချင်တောင်တန်းများပေါ်မှ အစိုးရ ၏ ကျူးလွန်မှုများ* (*State Terror in the Kachin Hills*) အမည်ရှိ အစီရင်ခံစာကို ထုတ်ပြန်ခဲ့ သည်။ အစီရင်ခံစာတွင် အစိုးရစစ်တပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့အကြား တိုက်ခိုက်နေသည့် ဒေသများရှိ ဒေသခံပြည်သူများ ကြုံတွေ့နေရသည့် လူ့အခွင့်အရေးချိုးဖောက်မှု များအကြောင်း ဖော်ပြထားပြီး၊ လူတဦးချင်းစီအလိုက် ခံစားရသည့် သတ်ဖြတ်ခံရမှု၊ ပစ္စည်းဥစ္စာပိုင် ဆိုင်မှုများ ဖျက်ဆီးခံရမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အသေးစိတ်ဖော်ပြထားသည်။ *ချောက်ကမ်းပါးစွန်းသို့ တွန်းပို့ခံရခြင်း (Pushed to the Brink)* ဆိုသည့် လက်နက်ကိုင် ပဋိပက္ခ နှင့် ဆက်နွှယ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကလူကုန်ကူးမှု၊ အများအပြားဖြစ်ပေါ်စေရန် မည်ကဲ့သို့တွန်းပို့နေသည်ကို ဖော်ပြထားသည့် အစီရင်ခံစာအားလည်း ထုတ်ဝေခဲ့သည်။

*အစီရင်ခံစာအား ဖတ်ရှုလိုပါက*-http://www.kachinwomen.com/publications/reports.html

## *ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)*

CHRO အနေဖြင့် ချင်းပြည်နယ်အတွင်း ၂၀၁၃ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ လူ့အခွင့်အရေး အခြေအနေကို ဖော်ပြထားသည့် အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။ အဆိုပါ အစီရင်ခံစာတွင် အတင်းအဓမ္မအခွန်ကောက်ခံခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်းနှင့် အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်း အ ပါအဝင် တခြားအဖြစ်အပျက်များကို မှတ်တမ်းတင်ဖော်ပြထားသည်။

*အစီရင်ခံစာများအား http://www.chro.ca/ တွင် ဖတ်ရှုနိုင်သည်။*

## *မွန်ပြည်လူ့အခွင့်အရေးအဖွဲ့ (HURFOM)*

HURFOM အနေဖြင့် မွန်ပြည်နယ်၊ ထိုင်း-မြန်မာနယ်စပ်တလျှောက် အခြေခံအဆောက်အဦး စီမံ ကိန်းများကြောင့် ဖြစ်ပေါ်လာသည့် လူ့အခွင်းအရေး အကျိုးသက်ရောက်မှုများအကြောင်း အစီရင် ခံစာထုတ်ပြန်ခဲ့သည်။ ဒေသခံပြည်သူများ ပိုင်ဆိုင်သည့် လယ်ယာမြေများကို တစုံတရာ ပေးလျော် ခြင်းမရှိဘဲ၊ စီမံကိန်းအတွက် သိမ်းယူနေခြင်းနှင့် အဆိုပါ သိမ်းယူမှုများကြောင့် ဒေသခံများ၏

စား ဂတ်နေရေးအပေါ် အကျိုးသက်ရောက်မှုများကို ဖော်ပြထားသည်။

*အစီရင်ခံစာအား http://rehmonnya.org/archives/2637#more-2637 တွင် ဖတ်ရှုနိုင်သည်။*

***ပလောင်အမျိုးသမီးအစည်းအရုံး (PWO)နှင့် တအာင်းကျောင်းသားနှင့်လူငယ်အစည်းအရုံး (TSYO)***

PWO နှင့် TSYO အနေဖြင့် အစိုးရစစ်တပ်အနေဖြင့် ပလောင်ဒေသများသို့ စစ်ဆင်တိုက်ခိုက်နေမှုများကြောင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွား နေသည့်အပေါ် ၂၀၁၃ မေလအတွင်း၊ ကြေငြာချက်ထုတ်ပြန်ခဲ့သည်။ PWO နှင့် TSYO က အစိုးရ အနေဖြင့် မြန်မာ့လူ့အခွင့်အရေးကော်မရှင်အား စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးခွင့်ပေးရန်နှင့် တာဝန်ရှိသူများအား တရားမျှတမှုအတွက် ဆောင်ရွက်ပေးရန် တောင်းဆိုထားသည်။

*ဖတ်ရှုလိုပါက-http://bit.ly/16BAX6m*

# အချက်အလက်ကောက်ယူသည့်နည်းလမ်း

**ကွင်းဆင်းသတင်းကောက်ယူသူများ၏အခြေအနေ**

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ၏ ကွင်းဆင်းအချက်အလက်ကောက်ယူသူ များ သည် လူ့အခွင့်အရေးမှတ်တမ်းများကောက်ယူရာတွင် အသက်အန္တရာယ်နှင့်ရင်း၍ ဆောင်ရွက် ရသည်။ လူ့အခွင့်အရေး ဆောင်ရွက်သူများသည် အစိုးရ၏ အငြိုးထားမှုခံရသည့်အပြင် မျက်ခြေမပြတ် စောင့်ကြည့်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ ဖမ်းဆီးခံရခြင်းနှင့် ထောင်ချ ခံရခြင်းတို့ အမြဲတ စေရင်ဆိုင်ရသည်။ လုံခြုံရေးအခြေ အနေကြောင့် လူ့အခွင့်အရေးမှတ်တမ်း ကောက်ယူခြင်းအား ပေါ်ပေါ်ထင်ထင် မလုပ်နိုင်ခြင်း၊ မြန်မာနိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပျက်နေသော လူ့အခွင့်အရေး အခြေအနေအားလုံးအား ထပ်ဟပ် နိုင်စေရေးအတွက် တပ်ပြနိုင်ခြင်းမရှိပေ။

အစိုးရသည် ဒေသခံပြည်သူလူထုအပေါ် အထူးသဖြင့်အလှမ်းကွာဝေးသော ဒေသများနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများအတွင်း နေထိုင်သော ပြည်သူလူထုအပေါ် ပိုမိုဖိနှိပ်မှုများ ရှိသဖြင့်၊ လုံခြုံရေး အန္တရာယ်ပိုများသည်။ ထိုဒေသများအတွင်း အချက်အလက် ကောက်ယူနေကြသော ကွင်းဆင်းအချက်အလက် စုဆောင်းသူများသည်၊ သတင်းအချက် အလက်အား တဦးချင်းအဆက် အသွယ်များအပေါ် အခြေခံ၍ကောက်ယူရသည်။ ကွန်ရက် ကွင်းဆင်းအချက်အလက် ကောက်ယူသူတိုင်း သည် နောက်ထပ်အဆက်အသွယ်ပိုရလာစေရန် ကြိုးပမ်းရသကဲ့သို့ ကျေးရွာခေါင်းဆောင်၊ အစိုးရဝန်ထမ်းများနှင့်လည်း တွေ့ဆုံမေးမြန်း အချက်အလက် ကောက်ယူသည်။

**မှတ်တမ်းတင်ခြင်း -**

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) သည် နိုင်ငံတကာ လူ့အခွင့်ရေးအန်ဂျီအိုများ၏ အကူအညီကိုရယူ၍ ယခု အစီရင်ခံစာပါ အချက်အလက်များ ကောက်ယူပေးသော အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်း အချက်အလက်ကောက်ယူသူများကို သင်တန်း ပေးသည်။ ထို့နောက် အဆိုပါ ကွင်းဆင်းအချက်အလက် ကောက်ယူသူများသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ခုအတွင်း၊ တွေ့ဆုံမေးမြန်း အချက်အလက်ကောက်ယူခြင်း နှင့် တခြား သတင်းအချက်အလက်များ ကောက်ကူ စုဆောင်းသည်။

`ဖြစ်ရပ်တခုချင်းစီအား ရရှိသည့်အခွင့်အရေးနှင့် ပြင်ပအခြေအနေများအပေါ် မူတည်၍ ကောက်ယူရသည်။ ယခုအစီရင်ခံစာပါဖြစ်ရပ်များသည် အစီရင်ခံစာပြုစုသည့်ကာလအတွင်း ကျူးလွန်မှုခံခဲ့ရသူများမှ တိုက်ရိုက်ပြောဆိုချက်များ ဖြစ်သည်။ မျက်မြင်သက်သေများမှ ပြောသော အချက်အ လက်များနှင့် လေ့လာသူများက အတည်ပြုပေးသော အချက်အလက်များအရ မြန်မာ အစိုးရ စစ်သားများ အများဆုံးကျူးလွန်သော ချိုးဖောက်မှုများဖြစ်သည်။

**အချက်အလက်စီမံခန့်ခွဲမှု -**

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်းအချက်အလက် ကောက်ယူစုဆောင်းသူများသည် ရရှိလာသည့် အချက်အလက်များကို သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းထံသို့ ပေးပို့သည်။ ထို့နောက် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိဝန်ထမ်းများက ကွန်ရက်ရှိ ဒေတာဘေ့စ်အတွင်း သတင်းအချက်အလက်များ ထည့်သွင်းသည်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma)၏ အချက်အလက် စီမံခန့်ခွဲရေး အလုပ်အဖွဲ့က အချက်အလက် တခုချင်းစီအား ပြင်ဆင်စုစည်းပြီး ၂၀၁၃ ခုနှစ်၊ ဇန်န ဝါရီလမှ ဖွန်အတွင်း ဖြစ်ပွားခဲ့သော ချိုးဖောက်မှုများ အနက်မှ အစီရင်ခံစာတွင် အသုံးပြုရန်သင့် လျော်သည့် အဖြစ်အပျက်များကိုရွေးချယ်သည်။ ယခုအစီရင်ခံစာ ကာလမတိုင်ခင် ဖြစ်ပွားခဲ့သော တခြားသတင်းအချက်အလက်များကို သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထားမည် ဖြစ်ပြီး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအတွင်း တာဝန်ခံမှုကို ရှာဖွေရာတွင် အသုံးပြုမည်ဖြစ်သည်။

## လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်မှ ကောက်ယူရရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ


၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဖွန်လအထိ၊ ND-Burma မှ လူ့အခွင့်အရေးချိုးဖောက်မှု ၁၄၇ ခုကို မှတ် တမ်းတင်နိုင်ခဲ့ပြီး အများအပြားမှာ စစ်တပ်မှ ကျူးလွန်ခြင်းဖြစ်သည်။ ၆လတာကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ND-Burma အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၉ ခုကျော်တွင် မှတ်တမ်းတင် ကောက်ယူစုဆောင်းခဲ့ခြင်းဖြစ်သည်။ လူ့အခွင့်အရေးချိုးဖောက်မှု ၁၄၇ ခုမှာ များပြားသည့် အရေအတွက်ဖြစ်သော်လည်း မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှု အဖြစ်အပျက် အားလုံးကို လွှမ်းခြုံနိုင်လောက်သည့် အရေအတွက်မဟုတ်ပါ။ ထို့အ တွက် အကြောင်းပြချက် အနည်းငယ်ရှိပါသည်။ ပထမအချက် အနေဖြင့် ND-Burma အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကွင်းဆင်းသတင်းကောက်ယူသူများအနေဖြင့် သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရာတွင် လုံခြုံရေးအန္တရာယ် အထူးစိုးရိမ်ရသည့် အခြေအနေကို ရင်ဆိုင်ကြုံတွေ့ရပြီး သက်ဆိုင်ရာဒေသများအတွင်း ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအားလုံးကို ထင်ဟပ်၍ လေ့လာနိုင်သည့် အနေအထားမရှိပေ။ ဒုတိယအချက် အနေဖြင့် စစ်ပွဲများဖြစ် ဖြစ်ပေါ်နေခြင်းနှင့် စစ်ပွဲများနှင့် ဆက်စပ်သည့် ပြောင်းရွှေ့မှုများက လူ့အခွင့်အရေးချိုးဖောက်မှု များ ဖြစ်ပေါ်နေသည့် ဒေသများသို့ ဝင်ရောက် သတင်းအချက်ရယူရေးအတွက် အနှောင့်အယှက် အတားအဆီးများ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ရလဒ်အနေဖြင့် ကချင်နှင့်ရှမ်း ပြည်နယ်အပါအဝင် လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားနေသည့် ဒေသများအတွင်း အမှန်တကယ် ဖြစ်ပျက်နေသည့် လူ့အခွင့်အရေးအခြေထက် နည်းပါးသည့်အနေအထားကိုသာ အစီရင်ခံနိုင်သည်။ နောက်ဆုံးအနေဖြင့် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်နေသည့် အခြေအနေနှင့် လက်စားချေ လက်တုန့် ပြန်ခံရမည်ကို ကြောက်လန့်နေခြင်းတို့ကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူ အများအပြားသည် အခွင့်အရေးရရှိသော်လည်း ထုတ်ဖော်ပြောဆိုရန် ဝန်လေးနေတတ်ကြသည်။

**လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်မှ ကောက်ယူရရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ-ဖွန်လအထိ**

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | မတရားဖမ်းဆီးမှုများနှင့်၊ ထိန်းသိမ်းချုပ်နှောင်မှုများ | ၆ |
| ၂ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ၄၀ |
| ၃ | ပျောက်ဆုံးခြင်း | ၂ |
| ၄ | အတင်းအဓမ္မ စေခိုင်းခြင်း | ၂၀ |
| ၅ | အငတ်းအဓမ္မ ရွှေ့ပြောင်းခြင်း | ၆ |
| ၆ | လူကုန်ကူးမှု | ၇ |
| ၇ | သတ်ဖြတ်ခြင်း | ၂၀ |
| ၈ | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | ၁ |
| ၉ | လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | ၄ |
| ၁၀ | တခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ | ၁ |
| ၁၁ | အတင်းအဓမ္မပြုကျင့်ခြင်း | ၇ |
| ၁၂ | ကလေးစစ်သားအသုံးပြုခြင်း | ၂ |
| ၁၃ | ညှင်းပန်းနှိပ်စက်ခြင်း | ၁၆ |
| ၁၄ | မတရား အခွန်ကောက်ခြင်း | **23** |
| ၁၅ | လွတ်လပ်စွာ ယုံကြည့်ကိုးကွယ်ခွင့် | ၂ |
| **ppay¡i;** | | **147** |

၂။ ND-Burma အနေဖြင့် ကယားပြည်နယ်၊ မကွေး၊ မန္တလေး၊ စစ်ကိုင်း နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ကွင်းဆင်း ကောက်ယူသူများ မရှိသေးပါ။ သို့သော်လည်း ND-Burma အနေဖြင့် အဆိုပါဒေသများသို့ ရောက်ရှိနိုင်အောင် ဖြန့် ကျက်ဆောင်ရွက်လျှက်ရှိပြီး ယခုအစီရင်ခံစာ ကာလအတွင်း ဧရာဝတီနှင့် ရန်ကုန်တိုင်း ဒေသကြီး များရှိ ချိုးဖောက်မှု များကို ကောက်ယူစုဆောင်းနိုင်ခဲ့သည်။


**လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်မှ ကောက်ယူရရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ**




အချက်အလက်ကောက်ယူစုဆောင်းမှုနှင့် ပတ်သက်ပြီး အန္တရာယ်များ၊ အခက်အခဲများရှိနေသော် လည်း ND-Burma ၏ ကွင်းဆင်းသတင်းကောက်ယူသူများသည် စိုးရိမ်စရာကောင်းသည့် လူ့အ ခွင့်အရေးချိုးဖောက်မှု အများအပြားကို မှတ်တမ်းတင်နိုင်ခဲ့ပြီး ဆက်လက်ဖြစ်ပေါ်နေသည့် ချိုး ဖောက်မှုပုံစံများကို သာဓက အနေဖြင့် ပြသနေပေသည်။ အဆိုပါချိုးဖောက်မှုများမှာ လက်နက် ကိုင် ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေသည့် ဒေသများတွင်သာမက အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးထားသည့် ဒေသများတွင်ပါ ဖြစ်ပွားနေသည်။ ND-Burma အနေဖြင့် အပစ်အခတ်ရပ်စဲ ရေးဒေသများတွင် ဖြစ်ပွားနေသည့် ချိုးဖောက်မှုများကို လူထုအခြေပြု အဖွဲ့အစည်းများ ၏ အစီရင် ခံစာများနှင့် အဆိုပါဒေသများရှိ သတင်းဌာနများမှတဆင့် တွေ့ရှိခြင်းဖြစ်သည်။

ဒေသခံပြည်သူများ၏ အဆိုအရ အပစ်အခတ်ရပ်စဲထားမှုက လူ့အခွင့်အရေးကို အကောင်းဆုံး အ ကာအကွယ်ပေးနိုင်သည့် အနေအထားမရှိဘဲ၊ ကွဲပြားခြားနားသည့် ချိုးဖောက်မှုပုံစံများဖြင့် ဆက်လက်ဖြစ်ပွားနေသည်။ သာဓကအားဖြင့် ကရင်ပြည်နယ်အ တွင်းရှိ ကရင်လက်နက်ကိုင်အဖွဲ့အ စည်း မျိုးစုံသည် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားသော်လည်း ချိုးဖောက်မှု ၂၄ ခုကို ND-Buram အနေဖြင့် ကောက်ယူစုဆောင်းနိုင်ခဲ့ပြီး အများစုမှာ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းပိုက်ခြင်းနှင့် အတင်းအဓမ္မလုပ်အားပေး စေခိုင်းမှုများဖြစ်သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ (KHRG) အဆိုအရ အပစ်အခတ်ရပ်စဲရေးကြောင့် စီးပွားရေးလုပ်ငန်း များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများ တိုးပွားလာပြီး အကျိုးဆက်အနေဖြင့် လယ်ယာမြေသိမ်းပိုက်ခံရခြင်းနှင့် အတင်းအဓမ္မစေခိုင်းခံရခြင်းများ များပြားလာသည်။

စစ်ပွဲများဆက်လက် ဖြစ်ပွားနေသည့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များတွင် တရားမဲ့ဖမ်းဆီး၊ ထိန်းသိမ်းခြင်း၊ လူကုန်ကူးမှု၊ သတ်ဖြတ်မှု၊ အတင်းအဓမ္မပြုကျင့်မှုအပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ညှင်းပန်းနှိပ်စက်မှု စသည့် လက်နက်ကိုင်ပဋိပက္ခဖြင့် ဆက်စပ်သည့် ချိုးဖောက်မှု များအခြားပြည်နယ်၊ ဒေသများထက် ပိုမိုများပြားစွာ ဖြစ်ပျက်နေသည်ကို ND-Burma အနေဖြင့် မှတ်တမ်းတင်နိုင်သည်။ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေသည့်ပြည်နယ်များရှိ ချိုးဖောက်မှုမှတ်တမ်းများသည် အခြားပြည်နယ်များထက်ပင် အမှန်တကယ်ဖြစ်ပျက်နေသည့် အခြေအနေထက် နည်းပါးဖွယ်ရှိနေသည်။




တချို့ချိုးဖောက်မှုအမျိုးအစားများဖြစ်သည့်၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုကို ဖျက်ဆီးခြင်းနှင့် သိမ်းယူခြင်း၊ အတင်းအကြပ်ရွှေ့ပြောင်း ခံရခြင်းနှင့် အတင်းအဓမ္မလုပ်အားပေးစေခိုင်းခံရခြင်းများသည် လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားနေသည့် ဒေသများရော၊ စစ်မဖြစ်သည့်ဒေသများတွင်ပါ ဖြစ်ပွားနေသော်လည်း ကွဲပြားခြားနားသည့် အကြောင်းချင်းရာများအပေါ် အခြေခံသည်။ စစ်ဖြစ်သည့်နေရာဒေသများတွင် အတင်းအဓမ္မခိုင်းစေခြင်းကို စစ်ဆင်ရေးပြုလုပ်ခြင်းနှင့် စစ်စခန်းများ ဆောက်လုပ်ရာတွင် အသုံးပြုနေချိန်တွင်၊ စစ်တပ်အခြေစိုက်မှုနည်းပါးသည့် ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် တခြားသောလူထုလုပ်ငန်းများအတွက် အသုံးပြုသည်ကို တွေ့ရသည်။

ထို့နည်းတူစွာပင် အတင်းအကြပ်ရွှေ့ပြောင်းခံရခြင်းကို စစ်ဖြစ်သည့်ဒေသများတွင် စစ်ပွဲ၏ အကျိုး ဆက်အဖြစ် တွေ့ရပြီး၊ အပစ်အခတ်ရပ်စဲထားသည့် ဒေသများတွင်မူ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ စစ်ဖြစ်သည့် ဒေသများတွင် လူထု၏ ပိုင်ဆိုင်မှုများ စစ်ပွဲအတွင်း ဖျက်ဆီးခံရခြင်းသည် စစ်တပ်၏ ဗျူဟာ တစိတ်တပိုင်း သို့မဟုတ် စစ်ပွဲနှင့် ဆက်စပ်သည့် ဖျက် ဆီးခံရမှုဖြစ်ပြီး၊ စစ်မဖြစ်သည့်ဒေသများတွင်မူ လူထုပိုင်ဆိုင်မှုများ သိမ်းယူခံရခြင်းသည် စီးပွားရေး လုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ဖြစ်သည်ကိုတွေ့ရသည်။ လယ်ယာမြေသိမ်းဆည်းခံရမှုသည် အများဆုံးမှတ်တမ်းတင်ရသည့် ချိုးဖောက်မှုဖြစ်သည်။ ပြည်နယ် ၆ ခုအတွင်းရှိ လယ် ယာမြေသိမ်းဆည်းခံရမှု ဖြစ်ရပ် ၄၀ ကို ND-Burma မှ မှတ်တမ်းတင်နိုင်ခဲ့သည်။ လက်နက်ကိုင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသည့် ရှမ်းပြည်နယ်ကဲ့သို့ ဒေသများတွင် လယ်ယာမြေသိမ်းဆည်းမှု ၁၃ ခုနှင့်၊ အပစ်အခတ်ရပ်စဲထားသည့် ကရင်နှင့် မွန်ပြည်နယ်များတွင် ၇ ခုနှင့် ၈ ခုစီ အသီးသီး တွေ့ရသည်။

၃။ ကချင်နှင့် ရှမ်းပြည်နယ် ဒေသအားလုံးတွင် စစ်ဖြစ်နေခြင်းမဟုတ်ပါ။ အဆိုပါချိုးဖောက်မှုများသည် အပစ်အ ခတ် ရပ်စဲရေးဒေသမျးတွင် ပါဝင်နိုင်ပါသည်။ သို့သော်လည်း အဆိုပါ ပြည်နယ်နှစ်ခုသည် အကယ်၍ လတ်တလောတွင် စစ်ပွဲများ မဖြစ်လျှင်တောင်မှ စစ်တပ်ကြီးစိုးမှု များပြားပြီး ယင်းတို့နှင့်ဆက်စပ်သည့် ချိုးဖောက်မှုများ ဖြစ်ပွားသည်။ ထို့ အပြင် အပစ်ရပ်ပြည်နယ်များအတွင်း သီးသန့်ဖြစ်နေသည့် တိုက်ပွဲများသည်လည်း အစီရင်ခံခဲ့သည့် ချိုးဖောက်မှုများ ကို ပံ့ပိုးပေးခြင်းနှင့် နယ်မြေအတော်များများသည် စစ်တပ်ကြီးစိုးမှု မြင့်မားပြီး၊ ယင်းတို့နှင့်ဆက်စပ်သည့် ချိုးဖောက်မှု များကို ခံစားနေရသည်

# ဖြစ်ရပ်မှန်ပုံစံများ

အောက်ပါ ဖြစ်ရပ်မှန် ပုံစံ ၂ခုသည် ယခုအစီရင်ခံစာပြုစုသည့် ကာလအတွင်း ND-Burma မှ ကောက်ယူစုဆောင်း မှတ်တမ်းတင်ထားသည့် ချိုးဖောက်မှု ၁၄၇ ခုမှ ဖြစ်ပါသည်။ ဖြစ်ရပ်မှန် ပုံစံ များသည် မြန်မာနိုင်ငံတဝှန်းရှိ ပြည်သူများအပေါ် စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၏ ကျူးလွန်ခံသည့် ချိုးဖောက်မှုပုံစံများကို ဖော်ပြထားသည်။ ပထမဖြစ်ရပ်မှန်သည် လက်နက်ကိုင် ပဋိပက္ခများ ဆက် လက် ဖြစ်နေသည့် ဒေသအနီးတွင် ဖြစ်ပြီး၊ ဒုတိယဖြစ်ရပ်မှန်သည် အပစ်အခတ်ရပ်စဲရေး ဒေသအ တွင်း ဖြစ်ပွားခြင်းဖြစ်သည်။

**ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းပိုက်ခြင်းနှင့် ဖျက်ဆီးခြင်း**
လားဟူအမျိုးသမီးအဖွဲ့ (LWO) မှ ရှမ်းပြည်နယ်အတွင်း မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

***မြန်မာစစ်တပ်မှ ဗိုလ်မှူးတဦးက ဒေသခံလယ်သမားတဦးပိုင်ဆိုင်သည့် လက်ဖက်ပင်များအား ဖျက်ဆီးခြင်းနှင့် မြေနေရာအား ရောင်း စားခြင်း။***

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင်၊ မြန်မာစစ်တပ်မှ ဗိုလ်မှူးတဦးနှင့် ရဲဘော် ၁၄ ဦးသည် ဒေသခံမိ သားစု တစုပိုင်ဆိုင်သည့် ၄ဧကခန့်ရှိ လက်ဖက်ပင်များကို လျော်ကြေးတစုံတရာပေးမည်ဟု ကမ်းလှမ်းခြင်းမရှိဘဲ ဖျက်ဆီးခဲ့သည်။ ထို့နောက် ဗိုလ်မှူးက အဆိုပါမြေနေရာအား တရုတ်စီးပွားရေးသမားတဦးအား ကျပ်ငွေ ၃ သန်းဖြင့် ရောင်းချခဲ့သည်။ ဖျက်ဆီးခံရသည့် လက်ဖက်စိုက်ခင်း ပိုင်ရှင်က မည်သည့်အတွက်ကြောင့် သူ၏လက်ဖက်ပင်များကို ဖျက်ဆီးရသနည်းဟု မေးမြန်းသည့်အခါ၊ ဗိုလ်မှူးက ရွာအတွင်း ရှိ မြေများနှင့် လက်ဖက်ပင်များကို စစ်တပ်ကပိုင်သည်ဟု ပြောဆိုသည်။ ဗိုလ်မှူးက ရွာသားအား မင်းတို့မကျေနပ်ရင် ကြိုက်တဲ့အချိန်၊ ကြိုက်တာ လုပ်နိုင်တယ်ဟုလည်း ပြောသည်။ ထို့နောက် လက်ဖက်စိုင်ခင်းပိုင်ရှင်က ရွာလူကြီးထံသို့ သွားရောက်ပြီး သူ၏ လက်ဖက် စိုက်ခင်းမြေကို ဗိုလ်မှူးထံမှ ပြန်လည်တောင်းယူ နားချပေးရင် တင်ပြသည်။ ရွာလူကြီးက စစ်တပ်သို့လိုက်သွားပြီး ဗိုလ်မှူးအား အကျိုးအကြောင်း ပြောဆိုရာ၊ ဗိုလ်မှူးမှ တနိုင်ငံလုံးမှာရှိသည့် မြေတွေကိုစစ်တပ်ကပိုင်သည်၊ သူ့အနေနဲ့ လက်ဖက်ပင်တွေ ကို ရောင်းပြီး စစ်တပ်အတွက် လိုအပ်သည့် ထောက်ပံ့မှုများ ဝယ်ရန်ဖြစ်သည်ဟု ပြောသော်လည်း၊ လျော်ကြေးပေးမည်ဟု မပြောပေ။ လက်ဖက်စိုက်ခင်းပိုင်ရှင်က သူ့မိသားစုအနေဖြင့် လက်ဖက်စိုက်ပျိုးခြင်းကို မှီခိုနေရပြီး၊ ကလေး များအတွက်ကျောင်းစား ရိတ်ပါ လက်ဖက်စိုက်ခင်းမှရသည့်အတွက် မိသားစုဝမ်းရေးနှင့် ကလေး များ ကျောင်းမနေနိုင်မည်ကို စိုးရိမ်သောက ဖြစ်နေရသည်။

(ယခု ဖြစ်ရပ်မှန်တွင်၊ လုံခြုံရေးအရ သက်ဆိုင်ရာ ရွာအမည်၊ ရွာသားအမည်၊ စစ်တပ်နံပတ်နှင့် ဗိုလ်မှူးအမည်တို့ကို ချန်လှပ်ထားပါ သည်)။

**ညှင်းပန်းနှိပ်စက်ခြင်း**
မွန်ပြည်လူ့အခွင့်အရေးအဖွဲ့ (HURFOM) မှ မွန်ပြည်နယ်အတွင်း မှတ်တမ်းတင်ထားခြင်းဖြစ် သည်။

***ရဲက လူငယ်များကို ဖမ်းဆီး၍ ညှင်းပန်းနှိပ်စက်ပြီး အတင်းအကြပ် ဝန်ခံထွက်ဆိုခိုင်းခြင်း။***

အသက် ၁၅နှစ်အရွယ်ရှိ လူငယ်တဦးသည် ရပ်ကွက်အတွင်းရှိ အခြားလူငယ်များနှင့်အတူ အဖမ်း ခံရသည်။ ၎င်းတို့အား မကြာသေးမီရက်များအတွင်းက ရဲတဦးနှင့် အချင်းများရန်ဖြစ်သည့် ကိစ္စနှင့် ပတ်သက်ပြီး သံသယရှိ၍ ဖမ်းဆီးခြင်းဖြစ်သည်။ အဆိုပါ လူငယ်က "ဧပြီလ ၂၁ ရက်နေ့က ကျ နော့်အိမ်မှာ အဖမ်းခံရတာဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ဝင် ၄၀-၅၀ လောက်က ရွာထဲရောက်လာပြီး ကျ နော်အပါအဝင် ရွာထဲက လူငယ်အားလုံးကို သံသယဖြစ်ပြီး ဖမ်းတာပါ။ ကျနော်တို့ကို ဖမ်းပြီးတာနဲ့ ရဲစခန်းကို ပို့ပါတယ်။ ရဲစခန်းရောက်တာနဲ့ ကျနော့်လုံချည်ကိုဆွဲချွတ်ပြီး နေရာအနှံ့ အချက်ပေါင်း များစွာ ထိုးကြိတ်၊ ကန်ကျောက်ပါတယ်။ တယောက်က ကျနော့်မျက်နှာကို သံချွန်နဲ့ထိုးပါတယ်။ ကျနော့်ကို ကြိုးနဲ့တုတ် ထိုင်ခိုင်းထားပြီး ရဲအရာရှိက ကွမ်းတံတွေးကို ကျနော့်ပါးစပ် ထဲထွေးထည့် ပါတယ်" ဟုပြောသည်။

အဆိုပါလူငယ်နှင့် သူငယ်ချင်းများကို ဖမ်းဆီးထိန်းသိမ်းထားစဉ် ညှင်းပန်းနှိပ်စက်မှုမျိုးစုံကို ကြုံ တွေ့ရသည်။ ရဲများက သူ့မျက်နှာနှင့် ခန္ဓာကိုယ် ကိုထိုးကြိတ်ခြင်း၊ ဆံပင်ဆွဲခြင်းများ ပြုလုပ်ကြသည်။ ရဲများက လူငယ်အား မင်းဆံပင်တွေက သိပ်ရှည် တယ်၊ ငါတို့ တိုအောင်လုပ်ပေးမယ်ဟု ပြောပြီး၊ ၂ ပတ်ခန့် ပုံမှန် ညှင်းပန်းနှိပ်စက်ရာ လူငယ်တွင် ဆံပင်မရှိသလောက်နီးပါး ဖြစ်သွား သည်။ တခါတရံတွင် လူငယ်ကို သီးသန့်ခေါ်ထုတ်သွားပြီး စစ်ကြောရေးစခန်းအတွင်း ညှင်းပန်း နှိပ်စက်ကြသည်။ လူငယ်အား ထိုင်ခုံပေါ်တွင်ထိုင်ခိုင်းပြီး ပြင်းပြင်းထန်ထန်နှိပ်စက်ပြီး သူနှင့် သူ့ သူငယ်ချင်းများသည် မကြာသေးမီက ရဲတဦးနှင့်ခိုက်ရန်ဖြစ်ပွားမှုကို ကျူးလွန်ကြောင်း ဝန်ခံခိုင်းသည်။ တခြားရဲအရာရှိများကမူ အကြမ်းဖက်မှု အနည်းငယ်သာအသုံးပြုပြီး လူငယ်အား ပြစ်မှု ကျူးလွန်ကြောင်း ဝန်ခံလာစေရန် ပြောဆိုကြသည်။ အဆိုပါလူငယ်အုပ်စုသည် ပြဿနာရှာပြီး ရဲအရာရှိအား အကြောင်းမဲ့ အကြမ်းဖက်သည်ဟု စွပ်စွဲခံရသည်။ ယင်းပြဿနာသည် ပြည်နယ်အဆင့် နှင့် သတင်းဌာနများသို့ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့သွားသည်။

## နိဂုံး

အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုနှင့် သဘောတူချက်များရရှိရန်အတွက် ၂ နှစ်ကျော် ကြိုးပမ်းခဲ့သော်လည်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုများ တိုင်းရင်းသားဒေသများတွင် သိသာထင်ရှားစွာ တိုးတက်လာခြင်းမရှိပေ။ အပစ်အခတ်ရပ်စဲရေးရရှိထားသည့် ဒေသတချို့တွင်ပင် အစိုးရစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲများကျိုးကြား၊ ကျိုးကြား ဖြစ်ပွားလျှက်ရှိသည်။ ရှမ်းပြည်နယ်တခုတည်းမှာပင် ၂၀၁၂ အစပိုင်းမှစ၍ ယခုအချိန်အထိ တိုက်ပွဲ ၁၀၀ ခန့်ဖြစ်ပွားလျှက်ရှိသည်။ တိုက်ပွဲများကြောင့် ဒေသခံပြည်သူလူထုသည် လက်နက်ကိုင်တိုက် ပွဲများနှင့် ဆက်စပ်သည့် လူ့အခွင့်အရေးချိုးဖောက်များကို ဆက်လက်ခံစားနေရသည်။ အပစ်အ ခတ်ရပ်စဲထားသည့် ဒေသများရှိ ချိုးဖောက်မှုများသည် လက်နက်ကိုင်တိုက်ပွဲများနှင့် ဆက်စပ်သည့် အခြေအနေမှ စီးပွားရေးလုပ်ငန်း၊ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် သဘာဝသယံဇာတ တူးဖော်ထုတ်ယူ မှုနှင့် ဆက်စပ်သည့် ချိုးဖောက်မှုများအဖြစ် ပုံစံပြောင်းသွားသည်။

အစိုးရအနေဖြင့် နိုင်ငံရေးအကျဉ်းသားများနှင့် ပတ်သက်ပြီး သိသာထင်ရှားသည့် တိုးတက်မှုများ အဖြစ် ၂ နှစ်အတွင်း နိုင်ငံရေးအကျဉ်းသား ရာနှင့်ချီ၍လွှတ်ပေးခဲ့ခြင်း၊ လူထုအခြေပြု အဖွဲ့အစည်း များနှင့် ညှိနှိုင်းတိုင်ပင်ပြီး လက်ကျန်နိုင်ငံရေးအကျဉ်းသား စိစစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ နိုင်ငံရေးအကျဉ်းသား ၁၂၀ ခန့် အကျဉ်းထောင်များအတွင်း ရှိနေဆဲဖြစ်ပြီး နိုင်ငံရေးမှုဖြင့် နောက်ထပ် ၁၀၀ ခန့်မှာ အမှုရင်ဆိုင်နေရဆဲဖြစ်သည်။ အစိုးရအနေဖြင့် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးနေသော်လည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၄၀၁ (၁) ကဲ့သို့ ဖိနှိပ်သည့် ဥပဒေများကို နိုင်ငံရေးလက်နက်အဖြစ် ဆက်လက်အသုံးပြုနေသည်။ ထို့အပြင် အတိတ်ကာလနှင့် လက်ရှိ လူ့အခွင့်အရေးချိုးဖောက်မှုများကို ထုတ်ဖော်ပြောကြားသည့် တက်ကြွလှုပ်ရှားသူများမှာလည်း မကြာ ခန ဖမ်းဆီးထိန်းသိမ်းခံနေရသည်။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအပေါ် နှောင့်ယှက်၊ တားဆီးမှုများရှိနေသော်လည်း ပြည်သူလူထုသည် ၄င်းတို့နာကျင်ခံစားနေရသည့် ဒုက္ခများ၏ အမှန်တရားနှင့်ပတ်သက်ပြီး စတင်ပြောဆိုလာကြသည်။ ကချင်လယ်သမားတဦးဖြစ်သည့် လထော်ဘရန်ရှောင်၏ အဖြစ်အပျက်တွင် သူ့အားညှင်းပန်းနှိပ်စက်ခြင်းအကြောင်းကို ထုတ်ဖော်ပြောဆိုမှုက ထင်ရှားသည့်သာဓကဖြစ်သည်။ ထို့အပြင် ရှစ်လေးလုံးငွေရတု နှစ်ပတ်လည် အခမ်းအနားတွင်လည်း တက်ရောက်လာသူ များမှ ဂန်ချတောင်းပန်ခြင်း၊ အထိမ်းအမှတ်၊ အမှတ်တရများ၊ အမှန်တရားရှာဖွေခြင်းနှင့် ခွင့်လွှတ် ခြင်း အပါအဝင် အတိတ်ကာလ ချိုးဖောက်မှုများနှင့် ပတ်သက်ပြီး မည်သို့ကိုင်တွယ်ဆောင်ရွက် သင့်သည်ကို စတင်ပြောဆိုလာကြသည်။ အတိတ်နှင့်ပတ်သက်ပြီး အမှန်တရားနှင့် တရားမျှတမှု ရှာဖွေရန်နှင့် အနာဂတ်သို့ ဦးတည်သည့် မောင်းနှင်မှုများဖြစ်ပေါ်လာစေရန် လမ်းကြောင်းမှန်ပေါ်သို့ စတင်ရောက်ရှိလာခြင်းလည်းဖြစ်သည်။

ဆက်လက်ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ပြီး အစီရင်ခံစာ ထုတ်ပြန်ခြင်းသည် အတိတ်ကာလနှင့်ပတ်သက်ပြီး ဦးတည်ကြိုးပမ်း ထုတ်ဖော်မှုအတွက် ပံ့ပိုးပေး ခြင်းဖြစ်ပြီး ပြန်လည်သင့်မြတ်ရေးကို မြှင့်တင်ပေးနိုင်သည် ဟု ND-Burma မှ မျှော်လင့်ပါသည်။

## လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်မှ ကောက်ယူရရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ-ဇွန်)

| | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ပျောက်ဆုံးခြင်း | အတင်းအဓမ္မ စေခိုင်းခြင်း | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | လူကုန်ကူးမှု | သတ်ဖြတ်ခြင်း | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | တခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ | အတင်းအဓမ္မပြုကျင့်ခြင်း | ကလေးစစ်သား အသုံးပြုခြင်း | ညှင်းပန်းနှိပ်စက်ခြင်း | မတရား အခွန်ကောက်ခြင်း | လွပ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ချင်းပြည်နယ် | | ၄ | | ၂ | | | ၁ | ၁ | ၁ | | ၁ | | | ၆ | ၁ | ၁၇ |
| ဧရာဝတီတိုင်း | | | | | | | | | | | | | ၂ | | | ၂ |
| ကချင်ပြည်နယ် | ၄ | ၁ | | | | ၄ | ၃ | | | | ၂ | | ၁ | | | ၁၅ |
| ကရင်ပြည်နယ် | ၁ | ၇ | | ၆ | ၃ | | | | ၁ | | | | ၂ | ၄ | | ၂၄ |
| မွန်ပြည်နယ် | ၁ | ၈ | | | | | | | | | | | ၂ | ၆ | | ၁၇ |
| ပဲခူးတိုင်း | | | | | | | | | ၁ | | | ၂ | | | | ၃ |
| ရခိုင်ပြည်နယ် | | ၇ | | | | | | | | | | | | | | ၇ |
| ရန်ကုန်တိုင်း | | | | | | | | | | | | | | | ၁ | ၁ |
| ရှမ်းပြည်နယ် | | ၁၃ | ၂ | ၁၂ | ၃ | ၃ | ၆ | | ၁ | ၁ | ၄ | | ၉ | ၇ | | ၆၁ |
| စုစုပေါင်း | ၆ | ၄၀ | ၂ | ၂၀ | ၆ | ၇ | ၁၀ | ၁ | ၄ | ၁ | ၇ | ၂ | ၁၆ | ၂၃ | ၂ | ၁၄၇ |

## လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်မှ ကောက်ယူရရှိသည့် လအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ-ဇွန်)

| | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ပျောက်ဆုံးခြင်း | အတင်းအဓမ္မ စေခိုင်းခြင်း | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | လူကုန်ကူးမှု | သတ်ဖြတ်ခြင်း | လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | တခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ | အတင်းအဓမ္မပြုကျင့်ခြင်း | ကလေးစစ်သား အသုံးပြုခြင်း | ညှင်းပန်းနှိပ်စက်ခြင်း | မတရား အခွန်ကောက်ခြင်း | လွပ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇန်နဝါရီ | ၁ | ၉ | | ၃ | | ၃ | ၁ | ၁ | ၁ | | ၃ | | ၂ | ၃ | ၂ | ၂၉ |
| ဖေဖော်ဝါရီ | ၃ | ၁ | | | | | ၂ | | | | | | | ၁ | | ၇ |
| မတ် | ၁ | ၃ | | ၂ | | ၁ | ၁ | | | | | | ၁ | ၅ | | ၁၄ |
| ဧပရယ် | | ၆ | ၁ | ၂ | ၁ | ၂ | ၁ | | ၂ | ၁ | | | ၃ | ၃ | | ၂၂ |
| မေ | ၁ | ၁၇ | | ၁၂ | | ၁ | ၁ | | | | ၃ | ၂ | ၇ | ၈ | | ၅၇ |
| ဇွန် | | ၄ | ၁ | ၁ | | | ၄ | | ၁ | | ၁ | | ၃ | ၃ | | ၁၈ |
| စုစုပေါင်း | ၆ | ၄၀ | ၂ | ၂၀ | ၆ | ၇ | ၁၀ | ၁ | ၄ | ၁ | ၇ | ၂ | ၁၆ | ၂၃ | ၂ | ၁၄၇ |

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်မှ ကောက်ယူရရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် နှင့် လအလိုက်
လူ့အခွင့်အရေးချိုးဖောက်မှုများ (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ-ဇွန်)

| လစဉ် ပြည်နယ် နှင့် တိုင်းအလိုက် | ချင်းပြည်နယ် | ဧရာဝတီတိုင်း | ကချင်ပြည်နယ် | ကရင်ပြည်နယ် | မွန်ပြည်နယ် | ပဲခူးတိုင်း | ရခိုင်ပြည်နယ် | ရန်ကုန်တိုင်း | ရှမ်းပြည်နယ် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| **ဇန်နဝါရီ** | ၉ | | ၄ | ၈ | ၁ | | ၁ | ၁ | ၅ | **၂၉** |
| **ဖေဖော်ဝါရီ** | ၂ | | ၅ | | | | | | | **၇** |
| **မတ်** | ၆ | | ၃ | ၅ | | | | | | **၁၄** |
| **ဧပရယ်** | | | | ၁ | | ၁ | | | ၂၀ | **၂၂** |
| **မေ** | | ၂ | ၃ | ၁၀ | ၁၄ | ၂ | ၆ | | ၂၀ | **၅၇** |
| **ဇွန်** | | | | | ၂ | | | | ၁၆ | **၁၈** |